ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားညီညွတ်ရေးအစိုးရ
ပညာရေးဝန်ကြီးဌာန
ကြေညာချက်အမှတ်(၃၄/၂၀၂၁)
၂၀၂၁ ခုနှစ်၊ အောက်တိုဘာလ (၁၀) ရက်

**PGDMA အပတ်စဉ် (၂၀) သင်တန်းဆင်းများနှင့် ပတ်သက်၍ထုတ်ပြန်ကြေညာခြင်း**

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် အားလုံးပါဝင်နိုင်မည့် ကြားကာလ ပညာရေး အစီအစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

၂။ ပညာရေးတက္ကသိုလ်များမှ PGDMA အပတ်စဉ် (၂၀) သင်တန်းအား ဖြေဆိုအောင်မြင်ထားသော ဘွဲ့ရလူငယ်မောင်မယ်များကို ပြည်သူနှင့်အတူတသားတည်းရပ်တည်ပြီး အကြမ်းဖက် စစ်ကောင်စီလက်အောက်တွင် တာဝန်ထမ်းဆောင်ခြင်းမပြုပဲ အာဏာဖီဆန်ခြင်း (CDM) ပြုလုပ်၍ ပူးပေါင်းပါဝင်ရန် ဖိတ်ခေါ်ပါသည်။

၃။ ပညာရေးတက္ကသိုလ်များမှ (CDM) ပြုလုပ်သော PGDMA အပတ်စဉ် (၂၀) သင်တန်းဆင်း ဘွဲ့ရ လူငယ်မောင်မယ်များအား အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ် ပြုပါကြောင်းနှင့် အလုပ်ခန့်ထားမှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း အသိပေး ထုတ်ပြန်ကြေညာအပ်ပါသည်။

၄။ PGDMA အပတ်စဉ် (၂၀) သင်တန်းဆင်းများသည် အကြမ်းဖက်စစ်ကောင်စီလက်အောက်တွင် အလုပ်ဝင်ရောက်မည်ဆိုပါက ပြည်သူ့သစ္စာဖောက်များအဖြစ် သတ်မှတ်ပြီး အမျိုးသား ညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီး ဌာနမှ အသိအမှတ်မပြုကြောင်း ကြေညာလိုက်သည်။

**ဒေါက်တာဇော်ဝေစိုး**
**ပြည်ထောင်စုဝန်ကြီး**
**ပညာရေးဝန်ကြီးဌာန**
**အမျိုးသားညီညွတ်ရေးအစိုးရ**